## ၂၀၂၂ ဖေဖော်ဝါရီလအတွင်း
## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်များနှင့် လူ့ဘောင်သစ်လူငယ်များ၏ မြေပြင်သပိတ်တွင်ပါဝင်မှုများ



၁.၂.၂၀၂၂ နီတဲ့သွေး ရက်သတ္တပတ် လှုပ်ရှားမှု GSC က မဟာမိတ်များနှင့်အတူ
**"နီတဲ့သွေးရဲရင့်လို့ ရန်သူမင်းရှေ့ကိုချီတက်ခဲ့ပြီ"** ဆိုသည့် ပြောက်ကျားသပိတ်





၆.၂.၂၀၂၂ နီတဲ့သွေး ရက်သတ္တပတ် လှုပ်ရှားမှု မနက်ပိုင်းတွင် လူ့ဘောင်သစ်လူငယ်များက
လမ်းမများပေါ်တွင် ဆေးနီများပက်ဖြန်းပြီး စစ်အာဏာရှင်ကိုဆန့်ကျင်ခဲ့ပြီး နေ့လည်ပိုင်းတွင်
**GSC, GSCN, AJMM** သပိတ်ကော်မတီ ၃ခုပေါင်းပြီးပြောက်ကျားသပိတ်ပြုလုပ်ခဲ့ရာတွင် ပါဝင်ခဲ့



**"လူထုလက်ရုံး ၂ ခြောက်လုံး ၊ စစ် ၃ စစ်ကို အပြတ်ကျုံး"**
(၂၂.၀၂.၂၀၂၂) ရက်နေ့ နံနက်ခင်း ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွင်
**GSC** တွင်ပါဝင်သည့် မဟာမိတ်များနှင့်အတူ ပါဝင်ခဲ့



အတွဲ ၃၊ အမှတ် ၇
ဖေဖော်ဝါရီလ၊ ၂၀၂၂။

# လူ့ဘောင်သစ် တစင်
# The New Society




လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ လူထုဆက်ဆံရေးဌာနက ထုတ်ဝေသည်




# ဒီလစကား

## သွေးစည်းညီညွတ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု

ဖေဖေါ်ဝါရီဟာ မြန်မာသိ၊ ကမ္ဘာသိ ပင်လုံစာချုပ် တရားဝင် လက်မှတ်ထိုးခဲ့တဲ့ လတလပဲ။

သမိုင်းဝင် ပင်လုံစာချုပ်ရဲ့ ရှေ့ကနဦးမှာ သဘောတူညီချက်တွေ၊ ကတိကဝတ်တွေနဲ့ အစပြုပြီး ၁၉၄၇ လွတ် လပ်တဲ့ အချုပ်အချာအာဏာပိုင် နိုင်ငံတော်တရပ် ထူထောင်ကြတဲ့အခါ ခေတ်ကာလလိုအပ်ချက်၊ ရေရှည်အကျိုး စီးပွားတွေအတွက် ပိုကောင်းတဲ့ နိုင်ငံတော်တခုအဖြစ် ထူထောင်နိုင်ဖို့ ခြေလှမ်းစခဲ့ကြတာ၊ အုဌ်မြစ်ချဖို့ ကြိုးစားခဲ့ကြတာလို့ ပြောနိုင်ပါတယ်။

ရှေ့ရှေးက ပဒေသရာဇ်ဘုရင်တွေလက်ထက်ကစလို့မြန်မာပြည်လို့ခေါ်နိုင်တဲ့ ရေိယာအတွင်း နေထိုင်ကြသူတွေကြားမှာ စစ်မှန်တဲ့ တန်းတူမျှတမှုနဲ့ သွေးစည်းညီညွတ်မှု မတည်ဆောက်နိုင်ခဲ့ကြဘူး။ ဒါကို မိမိတို့ပါတီရဲ့ ပါတီဝင်လက်စွဲစာအုပ်ငယ်မှာ တိတိလင်းလင်း ဖေါ်ပြခဲ့ပါတယ်။ သမိုင်းလိမ်တွေ၊ လိုရာဆွဲ ဖြားယောင်းသိမ်းသွင်း သွန်သင်မှုတွေဆိုတဲ့ အကာအောက်ကို သေသေချာချာ အနှစ်ကိုင်ဆုပ်မိသည်ထိ လေ့လာရင် ဒီအချက် ရှင်းရှင်းလင်းလင်း တွေ့ ကြရမှာ ဖြစ်တယ်။ မွန်၊ ဗမာ၊ ရှမ်း စတဲ့





မေး– ဒီနွေဦးတော်လှန်ရေးဟာ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းလိုက်နိုင်မှုအလားအလာ ဘယ်လိုရှိပါသလဲ။ သုံးသပ်ပေးပါအုံး။

ဖြေ– မြန်မာ့သမိုင်းမှာ စစ်တပ်အာဏာသိမ်းတာ ၃ ခါရှိပါတယ်။ သို့သော် ပြည်သူလူထုပါဝင်မှုအား၊ နည်းပညာတိုးတက်မှုအား၊ မီဒီယာကိုသွင်သွင်ကျယ်ကျယ် အသုံးပြုနိုင်မှုအား တွေမှာ ဒီနွေဦးတော်လှန်ရေးက အားအကောင်းဆုံး ဖြစ်ပါတယ်။ လူငယ်တွေ နိုင်ငံရေးနိုးကြားမှုနဲ့ လူထုရဲ့ စစ်တပ်၊ အာဏာရှင်ကို ရွံမုန်းမှုက ပိုပြီးကြီးထွားပါတယ်။ ခုဆိုပဲ စစ်တပ်အာဏာသိမ်းတာ ၁ နှစ်ပြည့်ပါပြီ ခုချိန်ထိ ပြည်နယ်၊ တိုင်းအသီးသီးမှာ သူ့ရဲ့အုပ်ချုပ်ရေးယန္တာယားတွေ မလည်ပတ်နိုင်သေးပါဘူး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းတွေ ခုထိကောင်းမွန်စွာ မလည်ပတ်နိုင်သေးဘူး ဘာကြောင့်လည်းဆိုတော့ ပြည်သူ့ဝန်ထမ်းများရဲ့ အကြမ်းမဖက်အာဏာဖီဆန်ရေး (စီဒီအမ်) ပါဝင်မှုအားကောင်းခြင်း၊ ၁နှစ်ပြည့်တဲ့အထိ ဆက်လျက်အားကောင်းအောင် တောင့်ခံထားနိုင်မှုကြောင့်ပဲဖြစ်ပါတယ် ဒါကအောင်မြင်ဆုံးထဲက ပထမတစ်ခုပါ။ နောက်တစ်ခုက ကျမတို့ပြည်သူလူထုတောင်းဆိုမှုနဲ့အတူ ၂၀၀၈ ဖွဲ့စည်းပုံကို ဖျက်သိမ်းကြောင်းကြေငြာနိုင်ခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံက စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်အောင် ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဖြစ်တယ် ဒီလိုဖွဲ့စည်းပုံကို ဖျက်သိမ်းကြောင်း ကြေငြာလိုက်ခြင်းကလည်း ကြီးမားတဲ့ လုပ်ဆောင်နိုင်တဲ့အချက်တစ်ခုဖြစ်တယ်။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းလိုက်နိုင်ဖို့အစတွေမှာ နောက်တစ်ခုက လက်ရှိနိုင်ငံရေးပလက်ဖောင်းဖြစ်တဲ့ NUCC, NUG, CRPH ရဲ့အခန်းကဏ္ဍတွေပဲဖြစ်ပါတယ် မြန်မာ့နိုင်ငံရေးသမိုင်းမှာ စစ်တပ်မပါပဲ တည်ဆောက်တဲ့ နိုင်ငံရေးပလက်ဖောင်းကို ကျမတို့ လူငယ်တွေ၊ တိုင်းရင်းသားတွေ၊ အမျိုးသမီးတွေ မျှော်လင့်နေတာကြာပြီဖြစ်ပါတယ်။ အချုပ်အားဖြင့် ပြောရရင် စစ်တပ်က ခုချိန်ထိ အာဏာသိမ်းနိုင်ဖို့ကို ကြိုးစားနေရဆဲဖြစ်ပါတယ် ခုချိန်ထိ ပြည်သူ့အာဏာကို မသိမ်းနိုင်သေးပါဘူး၊ ၁ နှစ်သာပြည့်သွားတယ် နိုင်ငံတကာရဲ့ ထောက်ခံမှုမရသေးဘူး၊ လက်နက်အားကိုး အနိုင်ကျင့်ပင်မဲ့ ပြည်သူ့ရဲ့ နိုင်ငံရေးနိုးကြားမှုနဲ့ တော်လှန်ရေးစိတ်မာတ်ကို မရိုက်ချိုးနိုင်သေးပါဘူး။ ကျမတို့တွေ ဆက်ပြီး စစ်အာဏာရှင် စနစ် နဲ့ ဘယ်အာဏာရှင်ကိုဆို ဖျက်သိမ်းနိုင်ဖို့ အပြီးတိုင်းနိဂုံးချုပ်နိုင်ဖို့က ပြည်သူလူထုစတင်ဦးဆောင်ခဲ့တဲ့ နွေဦးတော်လှန်ရေးအစကနေ အဆုံးအထိ အားလုံးလက်တွဲညီညီစုပေါင်း ခေါင်းဆောင်မှုနဲ့ သွားရပါမယ်။ ဒါမှပဲ ကျမတို့မျှော်မှန်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

မေး– အမျိုးသမီးနဲ့နွေဦးတော်လှန်ရေးကို ထင်ဟပ်စေမဲ့ ဆောင်ပုဒ်က ဘာဖြစ်မလဲ။

ဖြေ– ထင်ဟပ်စေတဲ့ ဆောင်ပုဒ်တွေ လှုပ်ရှားမှုတွေအများကြီးရှိပါတယ်။ ကျမအနေနဲ့ဆိုရင်တော့ **"စစ်တပ်က အမျိုးသမီးတွေရဲ့ဘဝကို ကပ်ခွာတစ်ခုလောက်တောင် လုံခြုံမှု မပေးနိုင်ဘူး"** ဆိုတာကို ပြောချင်ပါတယ်။

**မေစစ်မှုန်းမေးသည်။**

ပြည်ထောင်စုသစ်ကိုဖော်ဆောင်ဖို့က ကျမကတော့ အားလုံး လက်တွဲညီရင်အောင်နိုင်တယ် စနစ်ဟောင်းတွေကိုလည်း တိုက်ဖျက်နိုင်တယ်လို့ယုံကြည်ပါတယ် ခုဆိုရင်လည်း ပြည်သူတွေရဲ့ တော်လှန်ရေးစိတ်ဓာတ်က ဖွံမီးမဟုတ်ပဲ အားကောင်းကောင်းနဲ့ ဆက်လျက် တိုက်ပွဲဝင်နေဆဲဖြစ်ပါတယ်။

မေး– နွေဦးတော်လှန်ရေးမှာ လက်နက်ကိုင်အမျိုးသမီးတပ်ဖွဲ့တွေပေါ်လာတာကို ဘယ်လိုမြင်ပါသလဲ။ ဘာကြောင့်လဲ။

ဖြေ– ကျမကတော့ အရမ်းကျေနပ်ဂုဏ်ယူပါတယ်။ နောက်ပြီး နွေဦးတော်လှန်ရေးမှာ စိတ်ဝင်စားစရာအကောင်းဆုံးနဲ့ အထင်ရှားဆုံးလှုပ်ရှားမှု ထဲက တစ်ခုဖြစ်ပါတယ်။ အမျိုးသမီးတွေက အိမ်တွင်းသံပုန်းတီး လှုပ်ရှားမှုကနေ လမ်းပေါ်ထွက်ဆန္ဒပြ နောက်တစ်အဆင့်အနေနဲ့ စစ်တပ်ရဲ့ လူမဆန်တဲ့ ယုတ်မာမှုတွေကြောင့် လက်နက်ကိုင်တော်လှန်တဲ့အထိ ရဲရင့်စွာ အင်အားကောင်းကောင်းပါဝင်လာကြတယ်။ ထပ်ပြီးလေးစားအားကျရတာက အမျိုးသမီးတွေပဲ သီးသန့်ဖွဲ့ထားတဲ့ ကာကွယ်ရေးတပ်တွေ ပေါ်ထွက်လာတာပဲဖြစ်ပါတယ်။ ဥပမာ – မြောင်အမျိုးသမီးကာကွယ်ရေးအဖွဲ့လိုမျိုးပေါ့။ ပြီးတော့ အခုဆို စစ်ကိုင်းဘက်မှာ အမျိုးသမီးကွန်မန်ဒိုတွေပါ ပေါ်ထွက်လာတယ်။ ဒီလိုအခင်းအကျင်းမှာတောင် အမျိုးသမီးတွေက အားနွဲ့လို့ ခန္ဓာကိုယ်ကြံခိုင်မှုအရ၊ လက်နက်မလုံလောက်မှု စတဲ့ အကြောင်းပြချက်တွေနဲ့ ကာကွယ်ရေးတပ်မှာ ဆေးတပ်သား၊ ထောက်ပို့၊ ရုံးပိုင်းတွေမှာ အကူလုပ်ပေးရတာတွေရှိသေးတယ် ဘယ်လိုပဲဖြစ်ဖြစ် နောက်ကွယ်ပံ့ပိုးမှုကလည်း အရေးတော်ပုံအောင်မြင်ဖို့ ခြေလှမ်းတွေသာဖြစ်ပါတယ်။ တကယ်တမ်း အမျိုးသမီးတွေ လက်နက်ကိုင်တော်လှန်ရေးမှာ ပါဝင်လာတယ်ဆိုတာက ဒီနွေဦးတော်လှန်ရေးမှ စခဲ့တာမဟုတ်ပါဘူး အာဏာရှင်တော်လှန်ရေး သမိုင်းတစ်လျှောက်မှာ အမျိုးသမီးတွေရဲ့ ပါဝင်မှု ပူးပေါင်းဆောင်ရွက်မှုတွေကသာ အသိအမှတ်ပြုခြင်းမခံခဲ့ရတာ ဖြစ်ပါတယ်။ ကျအနေနဲ့ကတော့ ဒီနွေဦးတော်လှန်ရေးက စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနဲ့အတူ အမျိုးသမီးတွေက ကြောက်တတ်တယ်၊ အားနွဲ့ပါတယ်၊ ဦးမဆောင်နိုင်ပါဘူး စတဲ့ ဖိုဝါဒကြီးစိုးတဲ့အတွေးအခေါ်တွေကို ရိုက်ချိုးလိုက်နိုင်တယ်လို့ မြင်ပါတယ်။








ပဒေသရာဇ်မြို့ပြနိုင်ငံငယ်တွေဟာ စစ်နိုင်သူက တပြန်စီ တလှည့်စီ သူ့ ကိုယ် သိမ်းပိုက် – ကိုယ့် သူ သိမ်းပိုက် နေခဲ့ကြတာ စင်စစ် ပြည်ထောင်စုလည်း မဟုတ်၊ နိုင်ငံတော်လည်း မဖြစ်၊ အင်ပါယာ အဆင့်လည်း မဟုတ်ပါ။ လူမျိုးကြီးဝါဒ၊ လူမျိုးစွဲဝါဒများ အခြေခံပြီး ကိုယ့်ကိုယ်ကိုယ် သာသာထိုးထိုး ဂုဏ်ဖော် မှတ်တမ်းတင်ခဲ့ကြတာဟာ ပဒေသရာဇ်ဘုရင်တိုင်း နိုင်သူက နိုင်စဉ်အခါ ထင်ရာရေးတဲ့မှတ်တမ်းကို သမိုင်းလုပ်ခဲ့ကြတာချည်းပါ။

၁၉၄၇ ဟာ ပဒေသရာဇ်များရဲ့ ထင်ရာရေး ရာဇဝင်တွေကနေ နှစ်တွေသာမက အဖြစ်အပျက်တွေ သမိုင်းအဆင့်တွေ အများကြီး ဝေးကွာခဲ့ပြီ။ စစ်နဲ့ တော်လှန်ရေးကို လူမျိုးပေါင်းစုံ မြန်မာပြည်သူတွေနဲ့အတူ မျိုးချစ်ခေါင်းဆောင်အသီးသီး၊ နိုင်ငံရေးခေါင်းဆောင်အသီးသီးဟာ အတူတကွ ဖြတ်သန်းခဲ့ကြပြီ။ ကမ္ဘာ့ မဟာမိတ်များစွာနဲ့လည်း ထိတွေ့ဖူးကြပြီ။ လက်တွေ့ကမ္ဘာနဲ့ လက်တွေ့သမိုင်းကို ကိုယ်တိုင်ဖြတ်သန်း သင်ယူခဲ့ကြပြီ။ ဒါ့ကြောင့် ဒီမြေ၊ ဒီဒေသ၊ ဒီလူမျိုးစုတွေအတွက် ပြည်ထောင်ချင်းချင်း အတူတကွ ပေါင်းစည်းနေထိုင်ရေးဆိုတဲ့ အိပ်မက်ကို အချုပ်အချာအာဏာပိုင် လွတ်လပ်ရေးနဲ့အတူ ထူထောင်ဖို့ အားထုတ်ခဲ့ကြတာပဲ။

**ဒါဖေဖော်ဝါရီရဲ့ တန်ဖိုး၊ ပင်လုံရဲ့ အနှစ်သာရလို့ ဆိုရပါမယ်။**

ဒါပေမယ့် ရဲဘော်တို့အားလုံး သိကြတဲ့အတိုင်း ဒီပြည်ထောင်စုအိပ်မက်ကို အကောင်အထည်ဖော် ရေးဟာ ဒီနေ့ (၂၀၂၂ ခုနှစ်) အထိ မအောင်မြင်နိုင်သေးဘဲ နိုင်ငံရေး၊ စစ်ရေး တိုက်ပွဲတွေကြားမှာ ပျောက်ဆုံး စွန့်လွှတ်ရတော့မယောင်အထိ ဝေဝါးခဲ့ရတယ်။ ဖောက်ပြန်တဲ့ အာဏာအဆက်ဆက်ရဲ့ ဆိုးမွေအဖြစ် တချိန်က အတူတကွပေါင်းစည်းရေးကို မျှော်ရည်ခဲ့ကြတဲ့ အင်အားစုတွေကြား၊ လူမျိုးစုတွေကြား အတူပေါင်းစည်း နေကြဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလို့ ဆိုရမလောက် လျော့ရဲမှုတွေ ဖြစ်ခဲ့ရတယ်။

သို့ပေမယ့် ပြီးခဲ့တဲ့ ၂၀၂၁ က စပြီး အဲ့ဒီရာဇဝင်အညစ်ကို လူမျိုးစုံပြည်သူများရဲ့ နွေဦးတော်လှန်ရေးက ပြောင်းပြန် ဆွဲလှန်ချလိုက်ပြီ။ လူမျိုးပေါင်းစုံ မြန်မာပြည်သူတွေရဲ့ သွေးစည်းညီညွတ်မှုနဲ့ ဖက်ဒရယ်ဒီမိုကရေစီရဲ့ တကယ့် ခလုတ်ကန်သင်းစစ်ဖြစ်တဲ့ စစ်အုပ်စု၊ စစ်အာဏာ၊ စစ်ဗျူရိုကရေစီ ယန္တရား (စစ် ၃ စစ်)ကို သုတ်သင်ဖယ်ရှားပြီး၊ ၎င်းရဲ့ ဆိုးမွေဖြစ်တဲ့ လူမျိုးကြီးဝါဒ လူမျိုးစွဲဝါဒတွေကင်းတဲ့ တန်းတူမျှတတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဆီကို တည့်တည့် ဦးတည်ဖို့ သမိုင်းသစ် ရေးခဲ့ကြပြီ။

ဒါ့ကြောင့် ဒီဖေဖော်ဝါရီ အမှတ်တရအဖြစ် **"ရဲဘော်တို့ .... စစ် ၃ စစ်ကို အမြစ်ဖြတ်ကြ၊ လူမျိုးကြီးဝါဒ လူမျိုးစွဲဝါဒတွေ ဖယ်ရှားကြ၊ သွေးစည်းညီညွတ်တဲ့ တန်းတူမျှတတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖော်ဆောင်ရေးအတွက် တိုက်ပွဲဝင်ကြ ...."** လို့ နှိုးဆော်လိုက်ပါတယ်။ ။

*လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ **"အထွေထွေနိုင်ငံရေးသဘောထား"**ပါ အမျိုးသားရေးပြဿနာနှင့် အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးအပေါ် သဘောထား။




ကျနော်တို့တိုင်းပြည်မှာ ပင်လုံစာချုပ် ချုပ်ဆိုခဲ့တာ ၇၅ နှစ် ရှိခဲ့ပေမယ့် ကနေ့အခြေအနေအထိ ပြည်ထောင်မစုနိုင်သေးဘူး၊ စည်းစည်းလုံးလုံး မရှိသေးဘူး။ မရှိသေးတဲ့အပြင် တိုင်းပြည်ပြိုကွဲမယ့် လက္ခဏာတွေ အများကြီး တွေ့နေရတယ်။ ကျနော်တို့တိုင်းပြည်ဟာ ကျဆုံးနေပြီဖြစ်တယ်။ ကျနော်တို့တိုင်းပြည်မှာ အမှန်တကယ် ပြည်ထောင်စုဆိုတာ မပေါ်ပေါက်ခဲ့ဖူးဘူး။ လွတ်လပ်ရေးမရခင်မှာ လွတ်လပ်ရေးရဖို့အတွက်၊ တောင်တန်းနဲ့ပြည်မ ပေါင်းစည်းဖို့အတွက် ကချင်တွေ၊ ချင်းတွေ၊ ရှမ်းတွေအပါအဝင် ဗမာပြည်အောက်ပိုင်းက အဲ့ဒီကာလ ဗမာအစိုးရ တက်ရောက်ပြီး ပင်လုံစာချုပ်ဆိုတဲ့ တောင်တန်းပြည်မစာချုပ်ကို ချုပ်ဆိုခဲ့ကြတယ်။ ပြည်ထောင်စုစနစ်ကို ဖော်ဆောင်မယ်လို့ သူတို့ရည်မှန်းခဲ့ကြတယ်။ လက်တွေ့မှာတော့ လွတ်လပ်ရေးရပြီးကတည်းက၊ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်ပြီးကတည်းက ပင်လုံရဲ့ တကယ့်အနှစ်သာရကို မဖော်ဆောင်နိုင်ခဲ့ဘူး။ တပြိုင်နက်တည်းမှာ လွတ်လပ်ရေးရပြီးတာနဲ့ ပြည်တွင်းစစ်တွေ ဖြစ်ခဲ့တယ်။ တိုင်းပြည်မှာ ပြည်ထောင်စုစစ်စစ်မှန်မှန်ဆိုတာ တခါဖူးမှ မတည်ဆောက်ခဲ့ဖူးဘူး။ ပြည်ထောင်စုနေ့လို့ ပြောနေကြ တာက တကယ်တန်းကျတော့ လွဲချော်နေတယ်။ တောင်တန်းသားတွေ၊ ပြည်မကပုဂ္ဂိုလ်တွေ၊ တိုင်းရင်းသားတွေ စုဆုံပြီးတော့ ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ဖို့ ကြိုးစားခဲ့ကြသော်လည်း ဒီကနေ့အထိ တခါဖူးမှ မအောင်မြင်ခဲ့ဘူးလို့ ပြောချင်တယ်။

အဲ့ဒီလိုအခြေအနေတွေအားလုံးရဲ့ လက်သည်တရားခံက ကနေ့စစ်တပ်ပဲ ဖြစ်တယ်။ အဲဒီတပ်က နောင်တရနိုင်တဲ့အခြေအနေတော့ မရှိဘူး။ တိုင်းပြည်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးဝိုင်းစုပြီးတော့ ဒီတပ်ကို မောင်းထုတ်နိုင်မှသာ ကျနော်တို့ တိုင်းပြည်ကို လွတ်လပ်ရေးဖခင်ကြီးတွေ ရည်မှန်းခဲ့တဲ့ တကယ့်စစ်စစ်မှန်မှန် ပြည်ထောင်စုတည်ဆောက်ဖို့ မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်တယ်။ ဒီတပ်ရှိနေသေးသ၍ ဘယ်လိုမှ အကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူး။ ကျနော်တို့တိုင်းပြည်က ဒီမိုကရေစီလမ်းကြောင်းကို သွားဖို့ပဲဖြစ်ဖြစ်၊ ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ဖို့ပဲဖြစ်ဖြစ် အဓိကအဟန့်အတားဖြစ်နေတာကတော့ စစ်တပ်ပဲဖြစ်





ဖြေ– ကွဲပြားလာတာတွေတော့ တွေ့ရပါတယ်။ နောက်ပြီး ရှေးရိုးဆွဲအယူအောက်မှာ ရှုန်းထွက်ဖို့ ကြိုးစားလာတာတွေလည်း တွေ့လာရပါတယ်။ အရင်ကဆိုရင်တော့ ပတ်ဝန်းကျင်က သတ်မှတ်တဲ့ 'မိန်းမကောင်း' ဆိုတဲ့ဘောင်ထဲ ဝင်နိုင်သမျှ ဝင်အောင် ကြိုးစားနေထိုင်တာရှိပင်မဲ့ အခုဆိုရင် ကိုယ်ယုံကြည်ရာ လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးကဏ္ဍအသီးသီးတွေမှာ ခေါင်းဆောင်နိုင်ဖို့၊ ပူးပေါင်းဆောင်ရွက်မှုတွေ အရမ်းအားကောင်းလာတာကို တွေ့ရပါတယ်။ ကွဲပြားလာတဲ့ ပုံစံတွေကတော့ အမျိုးသမီးတွေ self-confidence အရမ်းရှိလာတယ်။ နဂိုကထဲကတော့ ဦးဆောင်ရမယ်ဆိုရင် စွမ်းရည်ရှိပြီးသားဆိုပင်မဲ့ ဒီတော်လှန်ရေးကာလမှာဆိုရင်တော့ ပါဝင်ဦးဆောင်လိုစိတ်တွေ ပြင်းထန်လာတာတွေရှိလာပါတယ်မြင်ပါတယ်။ သို့ပင်မဲ့လည်း ကျမတို့ရှေ့ရိုးဆွဲ အတွေးတွေအောက်က မရုန်းနိုင်သေးတဲ့သူတွေလည်းရှိနေပါသေးတယ်အမျိုးသမီးတွေက လူမှုပတ်ဝန်းကျင်မှာ ဖိုဝါဒကြီးစိုးမှုစနစ်အောက်မှာ နေခဲ့ရတော့ အချိန်ကာလတစ်ခုယူပြီး တဖြေးဖြေးအပြောင်းအလဲ လုပ်ဆောင်ရဦးမယ်လို့ ယုံကြည်ပါတယ်။



မေး– နွေဦးတော်လှန်ရေးနဲ့အတူ စနစ်ဟောင်းအတွေးအခေါ်ဟောင်းတွေကို တိုက်ဖျက်နိုင်ပါ့မလား။ ဘာကြောင့်လဲ။

ဖြေ– တိုက်ဖျက်နိုင်မယ်လို့ယုံကြည်ပါတယ်။ တိုက်ဖျက်နိုင်မှလည်းရပါမယ်။ ဘာကြောင့်လည်းဆိုရင် ဒီတိုက်ပွဲက စစ်တပ်ကိုတိုက်တဲ့ပွဲပဲ မဟုတ်ပါဘူး စနစ်ဟောင်း အတွေးအခေါ်ဟောင်း နဲ့ လူမျိုးကြီးဝါဒ၊ ဖိုဝါဒကြီးစိုးမှုတွေကိုပါ တပါထဲတိုက်ဖျက်ရတဲ့ ပွဲဖြစ်ပါတယ်။ ကျမတို့ လူထုရဲ့နိုင်ငံရေး အသိအမြင်ကို အထင်သေးလို့မရဘူးဆိုတာ ဒီတော်လှန်ရေးမှာ အားလုံးမြင်သာကြမှာပါ ဒါကြောင့် တစ်ပတ်ပြန်ကွေ့တဲ့သူကတော့ သမိုင်းတရားခံဖြစ်မှာသေချာပါတယ် တဆက်ထဲမှာပဲ ကျမကတော့ သမိုင်းသစ်

တွေ ပုံစံမျိုးစုံနဲ့ ထွက်လာကျတယ် စီဒီအမ်လုပ်တဲ့သူတွေ တိုင်းရင်းသူအမျိုးသမီးတွေ အမျိုးသမီးအား ကစားသမားတွေ ကဏ္ဍာပေါင်းစုံက အမျိုးသမီးတွေ ကျမတို့ အမျိုးသမီးစွမ်းဆောင်ရှင်များ စစ်ကြောင်းမှာပါဝင်ခဲ့ပါတယ်။

မေး– အဲ့အိုင်ဒီယာနဲ့စလုပ်တော့ အစုအဖွဲ့တွေကို ဘယ်လို စုစည်းသလဲ။ ဖော်ဆောင်ဆွေးနွေးခဲ့ပုံ အဆင့်ဆင့်ကို ပြောပြပါအုံး။

ဖြေ– ကျမတို့ခက်ခက်ခဲခဲ စုလိုက်ရတာမျိုးမရှိပါဘူး။ ကျမ အပါအဝင် အားလုံးက အာဏာရှင်ကို – နည်းမျိုးစုံ ဆန့်ကျင်ဖို့ အမြဲစဉ်းစားနေကြတဲ့ သူတွေပဲဖြစ်လို့ပါ။ ကျမတို့ အမျိုးသမီးစစ်ကြောင်း တစ်ကြောင်းထွက်ဖို့ တိုင်ပင်ကြတာ ကြာပါပြီ အဲ့နေ့ သပိတ်ကော်မတီ အစည်းအဝေးအပြီးမှာပဲ ကျမနဲ့ Women for Women Foundation အဖွဲ့က သူငယ်ချင်း နဲ့ ကရင်နီက LGBT အဖွဲ့က မောင်နှမတွေစုပြီး တစ်ထိုင်ထဲဆွေးနွေးဖြစ်တယ် ကျမတို့ စစ်ကြောင်းတစ်ခုထွက်မဲ့ အကြောင်းနဲ့ စစ်ကြောင်းမှာ ကျမတို့ ပေးချင်တဲ့ မက်ဆေ့ ကိုင်ချင်တဲ့ ပတ်ထုတ်ပေါ်မှာကပ်ထားတဲ့ မင်းအောင်လှိုင် ပုံတွေ၊ ထဘီအစနဲ့ အလံထူမဲ့ ကိစ္စတွေ၊ ကိုယ့်ကျွမ်းကျင်ရာနယ်ပယ်အလိုက် ဝတ်စုံတွေဝတ်လာဖို့တွေ၊ ဥပမာ– ဈေးရောင်းသူတွေလည်း ဈေးတောင်းခေါင်းပေါ်ရွက် ထွက်လာမယ် စသည်ဖြင့်ပေါ့ ကျမတို့ တစ်ထိုင်ထဲဆွေးနွေးတယ်ပြီး တာဝန်ခွဲဝေယူကြတယ်။ အဲ့နေ့တွက် ဗီနိုင်းမှာ ရေးမဲ့စာသားတွေတွက် နှစ်ယောက်၊ ကျမတို့ကိုင်မဲ့ ထဘီအလံနဲ့ လှုပ်ရှားမှုပုံတွေ ဖန်တီးဖို့တစ်ဖွဲ့၊ အမျိုးသမီးစစ်ကြောင်းရှိပါတယ်ဆိုတာကို လူမှုကွန်ယက်ကနေ စတင်သတင်းဖြန့်ချီ ဖိတ်တာက တစ်ဖွဲ့ အဲ့လိုတာဝန်အသီးသီးခွဲခဲ့ ကြပါတယ်။ အားလုံးညီညီညွတ်ညွတ်နဲ့မို့ အမျိုးသမီးအင်အားပြနိုင်ခဲ့တဲ့ ၂ငါးလုံး သပိတ်ဖြစ်ခဲ့ပါတယ်။




မေး– ယခင်လူ့အဖွဲ့အစည်းမှာ အမျိုးသမီးတွေပုံစံတည်ဆောက်ထားမှုနဲ့ အခုနွေဦးကာလ အမျိုးသမီးတွေ တည်ဆောက်ချင်တာတွေ တူညီရဲ့လား။ ဘာတွေကွဲပြားလာသလဲ။ ဘာတွေက တူညီနေသလဲ။





တယ်။ လက်နက်အားကိုးနဲ့ အဲဒီအခြေအနေတွေကို ဟန့်တားနေတာ နှစ် ၇၀ ကျော်သွားပြီ။ အဲဒီစစ်တပ်မရှိမှ၊ အဲဒီစစ်တပ်ကို နိုင်ငံရေးအပြင်ရောက်အောင် တွန်းထုတ်နိုင်မှ ကျနော်တို့တိုင်းပြည်က ဒီမိုကရေစီလမ်းကြောင်းပေါ် တည့်တည့်မတ်မတ် လျှောက်နိုင်လိမ့်မယ်။ ကျနော်တို့ အချင်းချင်းကြားမှာ သွေးစည်းညီညွတ်ရေး ဖက်ဒရယ်လမ်းကြောင်းပေါ်ကို တည့်တည့်မတ်မတ် လျှောက်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။

ကျနော်တို့တိုင်းပြည်က ဖက်ဒရယ်ဒီမိုကရေစီကို သွားမယ်ဆိုရင် တပ်က နိုင်ငံရေးကနေ ထွက်ကိုထွက်ပေးရမှာ ဖြစ်တယ်၊ နောက်ကို ဆုတ်ပေးရမှာ ဖြစ်တယ်။ ဒါပေမယ့် အခုချိန်ထိ နောက်မဆုတ်ပေးတဲ့အပြင် နိုင်ငံရေးထဲမှာ အခြေချနိုင်ဖို့ အတင်းကာရော ကြိုးစားနေတယ်။ အဲ့ဒါကိုယ်၌ကိုက သူတို့ရဲ့ စေတနာမစစ်မှန်မှု ဖြစ်တယ်။ တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံ မဖြစ်စေချင်တာ ဖြစ်တယ်။ ဒါကို ကျနော်တို့ ဘယ်လိုမှ လက်မခံနိုင်ဘူး။ အခုအနေအထားဆို ပိုရှင်းတယ်။ နိုင်ငံရေးအရ ထွက်ပေးရမှာတောင် မဟုတ်တော့ဘူး။ လူထုကိုယ်၌က ဒီစစ်တပ်မျိုးကို မလိုချင်တော့ဘူးလို့ တတိုင်းပြည်လုံးအနှံ့ အုတ်အော်သောင်းနင်း ဖြစ်နေပြီ။ ဒီစစ်တပ်မျိုးက ဖက်ဆစ်စစ်တပ်ဖြစ်တယ်၊ ငါတို့ ဒီလိုတပ်မျိုးကို မလိုတော့ဘူး၊ ငါတို့ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ပြန်တည်ဆောက်ရမယ်ဆိုတာ လူထုရဲ့ဆန္ဒ ဖြစ်တယ်။ ကြွေးကြော်သံ ဖြစ်တယ်။ အဲ့ဒါက အခုအခြေအနေမျိုးမှာ ပိုရှင်းသွားတယ်။ ဒါကြောင့် ကျနော်တို့ပါတီက ဒီတော်လှန်ရေးမှာ လူထုဆန္ဒကို ဖြည့်ဆည်းဖို့ တတ်နိုင်သမျှ ပါဝင်ကြိုးစားနေတာဖြစ်တယ်။ စစ်ကောင်စီတပ်ကို ဖျက်ပြီးမှသာ ဖက်ဒရယ်ပြည်ထောင်စုတပ်ကို ဖွဲ့စည်းနိုင်မှာ ဖြစ်တယ်။ ဖက်ဒရယ်တပ်ဖွဲ့ပြီးရင်လည်း ဖက်ဒရယ်တပ်ဟာ နိုင်ငံရေးရဲ့ ပြင်ပမှာပဲ ရှိသင့်တယ်။ ကျိန်းသေတာကတော့ ကျနော်တို့ တိုင်းပြည်မှာ စစ်တပ်က သူ့နေရာနဲ့သူ နေရမယ်။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ပြန်လည်ဖွဲ့စည်းမယ်ဆိုရင်လည်း ဖက်ဒရယ်ပြည်ထောင်စုတပ်က နိုင်ငံရေးရဲ့ ပြင်ပမှာပဲ ရှိရမှာဖြစ်တယ်။ နိုင်ငံရေးကို နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေကပဲ လုပ်သင့်တယ်။ အဲ့ဒီလို ဒီမိုကရေစီအခြေခံမျိုး၊ ဖက်ဒရယ်ဒီမိုကရေစီအခြေခံမျိုး တည်ဆောက်နိုင်မှ ကျနော်တို့ တိုင်းပြည်ဟာ အရှေ့ကိုရောက်မယ်၊ တိုးတက်မှာဖြစ်တယ်လို့ ပြောချင်ပါတယ်။




------ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ထုတ်ဝေသည် ------

## ပင်လုံစာချုပ် ချုပ်ဆိုခြင်း ၇၅ နှစ်မြောက် အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

ဒေါ်နှင်းနှင်းမွှေး – တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)



ဒီကနေ့ဟာ ကျမတို့နိုင်ငံရဲ့ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲသမိုင်းမှာ ကြီးမြတ်သော သမိုင်းမှတ်တိုင်တခုဖြစ်တဲ့ ပင်လုံစာချုပ် ချုပ်ဆိုခြင်း ၇၅ နှစ်တင်းတင်း ပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၇၅ နှစ်က ဒီလိုနေ့မှာပဲ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့မှာဗမာပြည်မဒေသ၊ပြည်ထောင်စုရှမ်းပြည်၊ ကချင်တောင်တန်းဒေသတွေနဲ့ ချင်းတောင်တန်းဒေသတွေကို ကိုယ်စားပြုတဲ့ တိုင်းရင်းသား ကိုယ်စားလှယ် တွေဟာ တောင်တန်းပြည်မ ပူးပေါင်းဖို့ အခြေခံနဲ့ ပင်လုံစာချုပ်ကို လက်မှတ် ရေးထိုး ချုပ်ဆိုခဲ့ကြပါတယ်။

ပင်လုံစာချုပ်ရဲ့ အနှစ်သာရကတော့ လွတ်လပ်ရေးကို အတူတကွရယူပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို မထိခိုက်စေဘဲ တန်းတူညီမျှစွာ အတူယှဉ်တွဲနေထိုင်နိုင်မယ့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ကာ အေးအတူပူအမျှ နေထိုင်သွားကြဖို့ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေ ပူးပေါင်းပြီး ဖွဲ့စည်းထူထောင်မယ့် ပြည်ထောင်စုနိုင်ငံတော်သစ်မှာ ပါဝင်လာမယ့် အဖွဲ့ဝင်ပြည်နယ်တွေနဲ့ တိုင်းရင်းသား လူမျိုးတွေကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စတဲ့ နယ်ပယ်အသီးသီးမှာ ဘယ်လို အခွင့်အရေးတွေ ပေးထားရမယ်ဆိုတာကို ပင်လုံစာချုပ်လက်မှတ်ရေးထိုးသူတွေအချင်းချင်း ကတိကဝတ်တွေ ထားခဲ့ကြပါတယ်။ ပင်လုံစိတ်ဓာတ်ဆိုတာကတော့ ပင်လုံစာချုပ် အပါအဝင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ အကြား အပြန်အလှန်ပေးခဲ့ကြတဲ့ ကတိကဝတ်တွေနဲ့ သဘောတူညီချက်တွေကို လိုက်နာစောင့်ထိန်းပြီး အကောင်အထည်ဖော်လိုတဲ့ စိတ်ဓာတ်ကို ဆိုလိုတာ ဖြစ်ပါတယ်။

ကျမတို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင် အာဏာရအစိုးရအဆက်ဆက် **"ပင်လုံစိတ်ဓါတ်၊ ပင်လုံမူ၊ ပင်လုံကတိကဝတ်"** တို့ကို ဥပေက္ခာပြုခဲ့တာကြောင့် ပြည်ထောင်စုစနစ်ကနေ လမ်းလွဲပြီး အတုအယောင်ပြည်ထောင်စု ဖြစ်ခဲ့ရပါတယ်။ ဒါကို ပြန်လည်တည့်မတ်နိုင်ဖို့ ကြိုးပမ်းတဲ့ အခါမှာလည်း စစ်အုပ်စုက လက်နက်အားကိုးနဲ့ နိုင်ငံတော်အာဏာကို သိမ်းပိုက်ရယူခဲ့တဲ့အတွက်ကြောင့် ပင်လုံစာချုပ်ရဲ့ မူရင်းအနှစ်သာရတွေကို ပြန်လည်အကောင်ထည်ဖော်နိုင်ဖို့ အခြားနည်း လမ်းမရှိတဲ့အဆုံးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ရဲ့ လက်နက်ကိုင်တော်လှန်ရေးကို ယနေ့ထိတိုင် ဆင်နွှဲနေကြရတာလည်း ဖြစ်ပါတယ်။ ကျမတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတိုင်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အမျိုးသားတန်းတူခွင့်နဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်၊





## "စစ်တပ်က အမျိုးသမီးတွေရဲ့ဘဝကို (လစဉ်သုံး)ကပ်ခွာတစ်ခုလောက်တောင် လုံခြုံမှု မပေးနိုင်ဘူး"




နွေဦးတော်လှန်ရေးမှာ အထင်ကရလှုပ်ရှားမှုတွေ အများကြီးရှိနေပါတယ်။ အဲ့လို အများကြီး ထဲကမှ အခုတစ်ကြိမ် ဖော်ပြပေးချင်တာကတော့ ကယားပြည်နယ်ကနေ အမျိုးသမီးသပိတ် စတင်လှုပ်ရှားလိုက်တဲ့ အကြောင်းကိုမေးမြန်းထားပါတယ်။ ဒီမေးခွန်းတွေကို ဖြေကြားပေးထားသူကတော့ အဲ့ဒီလှုပ်ရှားမှုကို စတင်စဉ်းစားရင်း လှုပ်ရှားသူများထဲက တစ်ဦးဖြစ်တဲ့ ဇူးပဒုမ္မာ (ခ) ဇူးဇူး၊ မြန်မာ့အမျိုးသမီးသမဂ္ဂ၊ တွဲဖက် အထွေထွေအတွင်းရေးမှူး (၁) ပဲ ဖြစ်ပါတယ်။ **"စစ်တပ်က အမျိုးသမီးတွေရဲ့ဘဝကို (လစဉ်သုံး) ကပ်ခွာတစ်ခုလောက်တောင် လုံခြုံမှု မပေးနိုင်ဘူး"** လို့ သူမကဆို ပါတယ်။

**မေး** – နွေဦးတော်လှန်ရေး ကယားပြည်နယ်မှာ ထဘီတွေ၊ ပတ်ထုတ်(အမျိုးသမီးလစဉ်သုံးပစ္စည်း)တွေ၊ ဘရာစတဲ့အဝတ်တွေနဲ့ သပိတ်ပုံစံတွေ့လိုက်ရပါတယ်။ အိုင်ဒီယာ ဘယ်လိုစဉ်းစားမိလဲပြော ပြပါအုံး။

**ဖြေ** – ကျမတို့တွေက စစ်တပ်ရဲ့လုပ်ရပ်တွေကို ဒီနွေဦးတော်လှန်ရေးမှ မဟုတ်ပဲ နှစ်ပေါင်းများစွာ ထောက်ပြပြောဆိုပြီး စစ်သားတွေ စစ်တန်းလျားပြန်ရေးကို နည်းမျိုးစုံနဲ့ ဆန့်ကျင်နေတာဖြစ်ပါတယ်။ အဲ့နေ့ ဖေဖော်ဝါရီလ ၂၂–၂–၂၀၂၁ ရက်နေ့က ၂ ငါးလုံး ပြည်နယ်လူထုသပိတ်လှုပ်ရှားမှု သပိတ်ကြီး လုပ်မယ်လို့ ကျမတို့ သပိတ်ကော်မတီက ဆုံးဖြတ်တယ် ပြီးတော့ ကျမတို့လည်း အဲဒီနေ့မှာ အမျိုးသမီးတွေရဲ့ စစ်အာဏာရှင် ဆန့်ကျင်ရေးကို ကျမတို့ နည်းနဲ့ ကျမတို့ဖော်ထုတ်ချင်ခဲ့တာရှိတော့ ထဘီအလံသပိတ်ကို လုပ်ဆောင်ဖို့ အိုင်ဒီယာရခဲ့ပါတယ်။ အဲ့နေ့က ကျမတို့ဖော်ထုတ်ချင်တာ ကျမတို့ပေးချင်တဲ့ မက်ဆေ့က **"မင်းအောင်လှိုင် ဦးဆောင်တဲ့ စစ်တပ်က အမျိုးသမီးတွေရဲ့ ဘဝကို လစဉ်သုံး ကပ်ခွာတစ်ခုလောက်တောင် လုံခြုံမှုမပေးနိုင်ဘူး။ စစ်တပ်ရဲ့ ကာကွယ်ပေးမှုက ကျမတို့အမျိုးသမီးတွေ ရဲ့ ဘော်လီကြိုးတန်းလောက်တောင် မလုံခြုံဘူး"** ဆိုတာပါပဲ အဲ့နေ့မှာ ကျမတို့ပြည်နယ်မှာရှိတဲ့ အမျိုးသမီး

တခုလုံးကို မလွဲမသွေ အမြစ်ပါမကျန် ခုတ်ထွင်တူးဆွ ရိုက်ချိုး ဖျက်သိမ်း ပစ်ရမည်သာ ဖြစ်သည်။

သို့ကလို သမိုင်းဆိုင်ရာ လိုအပ်ချက်အရပင် ပြည်သူ့တော်လှန်ရေး၏ ရုန်းထလှုပ်ရှားမှု ကြီးသည် အရင်းအနှီးကြီးကြီး ပေးဆပ်မှုကြီးကြီး ဖြင့် စစ်သုံးစစ် အကုန်အစင် ဖျက်သိမ်းရေးအတွက် အရှိန်အဟုန်ကြီးမားစွာ ပေါ်ထွက်ခဲ့ရခြင်းဖြစ်သည်။ ယင်းသမိုင်းဆိုင်ရာ လိုအပ်ချက် ပေါ်တွင် ကျွန်ုပ်တို့၏ပေါ်လစီကို အခြေခံခြင်းဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင် လူများစု၏ တကယ့် လိုအင်ဆန္ဒနှင့် ကိုက်ညီစွာ ကျွန်ုပ် တို့၏ ပေါ်လစီ လုပ်ငန်းစဉ်များကို ချမှတ်ခြင်းဖြင့်လည်းကောင်း သမိုင်းကို အသစ် ပြန်လည်ပြုလုပ်နိုင်လေသည်။ သမိုင်းကို ပြုပြင် ပြောင်းလဲ ဖန်တီးနိုင်သောသူသည် ပြည်သူများသာ ဖြစ်သည်။

ခေါင်းဆောင်ကောင်းလျှင် လှုပ်ရှားမှုသည် အရှိန်အဟုန်ပြင်းစွာဖြင့် ချီတက်မည်။ ခေါင်းဆောင်မကောင်းလျှင် လှုပ်ရှားမှုသည် ကျဆုံးမည် ဖြစ်သည်။ ခေါင်းဆောင်တယောက်အား လူထုအဖွဲ့အစည်းများအတွင်း သူ၏လုပ်ဆောင်ချက်များဖြင့်သာ တန်ဘိုးဖြတ်ရမည်ဖြစ်သည်။ ခေါင်းဆောင်အခေါ်ခံများ၏ ကိုယ်ရည်သွေး တန်ဘိုးဖြတ်ချက်များကို နားမယောင်ရန်လိုသည်။ လူတန်းစားကို သစ္စာရှိမှသာ ခေါင်းဆောင် ကောင်း မည်ပေသည်။ ပြည်သူနှင့် ဆက်စပ်နေမှသာ ခေါင်းဆောင်ကောင်း မည်ပေသည်။ ကျယ်ပြန့်သော ပြည်သူလူထုများနှင့် ဆက်စပ်မှု ရှိနေသမျှ ကာလပတ်လုံး အောင်ပွဲခံနေမည်သာ ဖြစ်သည်။

မည်သို့ဖြစ်စေ သမိုင်း၏လမ်းကြောင်းကို အဆုံးအဖြတ်ပြုသူမှာ လူတန်းစားများ ပြည်သူလူထုများ၏ လှုပ်ရှားမှုသာ ဖြစ်လေသည်။

တော်လှန်သော နိုင်ငံရေးပါတီတရပ်သည် တူညီသော သဘောတရား၊ တူညီသော နိုင်ငံရေးလုပ်ငန်းစဉ်တို့အရ ဖွဲ့စည်းတည်ဆောက်သည်။ သို့မှသာ အစိုင်အခဲ ဖြစ်လိမ့်မည်၊ ခိုင်မြဲမှု ရှိလိမ့်မည်။ လူတန်းစားသဘောတရား ညီညွတ်မှုအပေါ်တွင် အခြေပြု၍ လွတ်မြောက်ရေး အတွက် တူညီသော သက်ဝင်မှုနှင့် တူညီသော လုပ်ငန်းစဉ်အပေါ်တွင် မူတည်ပြီးလျှင် ပါတီဗဟိုကော်မတီ၏ မှန်ကန်သော ခေါင်းဆောင်မှု အောက်နှင့် မှန်ကန်သော လမ်းစဉ်အပေါ်တွင် အစိုင်အခဲ ခိုင်မြဲစွာ စည်းရုံးထားခြင်းဖြစ်ပြီး တိုက်ပွဲလက်တွေ့နှင့် ထပ်ခါ ဆေးသားတင်ထား ခြင်း ဖြစ်သည်။

ပြည်သူလူထုအကျိုးကိုဆောင်ရွက်ရန် ငါတို့တွင် တူညီသော ယုံကြည်ချက်နှင့်လုပ်ငန်းစဉ်ရှိသမျှကာလပတ်လုံး၊ သဘောတရားရေးအရညီညွတ်စည်းလုံးနေသမျှကာလပတ်လုံး၊ ဗဟိုကော်မတီ၏ ခေါင်းဆောင်မှုအောက်၌ ဗဟိုကော်မတီ၏ လမ်းစဉ်ကို ငါတို့အားလုံး ထောက်ခံ၍ လက်တွဲဆောင်ရွက်တိုက်ခိုက်နေသမျှ ကာလပတ်လုံး တဖက်ရန်သူသည် ကြောက်ဒူးတုန်နေလိမ့်မည်။ ကျယ်ပြန့်သော ပြည်သူလူထုများနှင့် ဆက်စပ်မှုရှိနေသမျှ ကာလပတ်လုံး ရန်တကာကို ကျော်နင်း အောင်လံတော်လွှင့်ထူကြပေလိမ့်မည်။ ။

**မောင်ထွန်း**

**( ကိုးကား။ ။မြသန်းတင့် – မက်စ်ဝါဒနှင့် တွေးခေါ်မြော်မြင်ရေး ကျမ်းကို မူအားဖြင့် အခြေခံထားသည်။ )**





ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို အပြည့်အဝရရှိကြရေးဟာ လွန်စွာ အရေးကြီးပေမယ့် အာဏာရအစိုးရအဆက်ဆက်ဟာ ပြည်ထောင်စုစစ်စစ်ကို တည်ဆောက်ရမယ့်အစား ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးဆိုတဲ့ နိုင်ငံရေးမှိုင်းတိုက်မှုတွေနဲ့ ပြည်ထောင်စုအမည်ခံ တပြည်ထောင်စနစ်ကိုသာ တည်ဆောက်ခဲ့ကြတာ တွေ့ရပါတယ်။

ခုဆိုရင်တော့ စစ်အာဏာရှင်အဆက်ဆက်ရဲ့ ဖိနှိပ်မှုပေါင်းစုံကို မခံနိုင်တဲ့အဆုံးမှာ လူမျိုးပေါင်းစုံ တိုင်းရင်းသားပြည်သူတရပ်လုံးဟာ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ရေးဆိုတဲ့ ဦးတည်ချက်ကို ကိုင်စွဲပြီး ၂၀၂၁ နွေဦးတော်လှန်ရေးနဲ့အတူ ရုန်းကြွတော်လှန်ခဲ့ကြပြီ ဖြစ်ပါတယ်။ လူမျိုးတမျိုး မလွတ်မြောက်ရင် ကျန်လူမျိုးတွေ လည်း မလွတ်မြောက်နိုင်ဘူးဆိုတဲ့ သမိုင်းပေးသင်ခန်းစာကို ဒီနေ့ခေတ်ရဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးက သဘောပေါက်နေကြပြီ ဖြစ်တယ်။ ကနေ့ကာလမယ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို လူတိုင်းက တောင်းဆိုနေကြပြီ ဖြစ်တယ်။ ဒီအချိန်အခါကောင်းကို အရယူပြီး အမိအရ ဆုပ်ကိုင်နိုင်ဖို့ အရေးကြီး ပါတယ်။ စစ်အုပ်စုက ဘယ်တော့မှ စစ်စစ်မှန်မှန် ဖက်ဒရယ်ကို သွားမှာမဟုတ်ဘူး၊ လူမျိုးကြီးဝါဒကို ဘယ်တော့မှ စွန့်မှာမဟုတ်ဘူး။ မဟာဘာသာကြီးဝါဒကို မိုက်မိုက်ကန်းကန်း လုပ်နေတာကလည်း အားလုံး လက်တွေ့ပဲ ဖြစ်တယ်။ ဒါကြောင့်မို့ ပင်လုံကတိကဝတ်ကို အကောင်အထည်ဖော်ဖို့၊ ဖက်ဒရယ်ဒီမိုကရေစီကို အကောင်အထည်ဖော်ဖို့ စစ်အုပ်စုကို ကျမတို့တွေ မောင်းကို မောင်းထုတ်ရမယ်။ မောင်းထုတ်နိုင်ဖို့ လိုပါတယ်။ ဒီစစ်တပ်ကို ကျမတို့တွေ မောင်းထုတ်နိုင်မှလည်း ပင်လုံကတိကဝတ်တွေကို အကောင်အထည် ဖော်နိုင်မှာ ဖြစ်ပါတယ်။

ကျမတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့လည်း လူမျိုးတမျိုးကဖြစ်စေ၊ အဖွဲ့အစည်းတခုက ဖြစ်စေ၊ ပါတီတရပ်ကဖြစ်စေ ပြည်သူလူထုအပေါ် လက်နက်အားကိုးနဲ့ အနိုင်ကျင့်ဗိုလ်ကျပြီး အာဏာအရပ်ရပ် လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားတာကို ပြတ်ပြတ်သားသား ဆန့်ကျင်ပါတယ်။ အခက်အခဲတွေ ဘယ်လိုပဲ ကြီးပါစေ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး၊ အမျိုးသားတန်းတူခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အပြည့်အဝအာမခံတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ဖို့ အတွက် ရည်ရွယ်ချက်တူတဲ့ အင်အားစုအသီးသီးနဲ့ အတူ၊ လူမျိုးစုံပြည်သူလူထုကြီးနဲ့အတူ ကျမတို့ပါတီက လက်တွဲကြိုးပမ်းသွားမှာ ဖြစ်ကြောင်းကို ဒီနေရာမှာ အလေးအနက် ပြောချင်ပါတယ်။

ကျမတို့နိုင်ငံမှာ အနှစ် ၇၀ ကျော် ကြာပြီးဖြစ်တဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ဖို့၊ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ချေမှုန်းပြီး ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစာချုပ်ပါ သဘော တူညီချက်တွေနဲ့အညီ၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နဲ့အညီ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ဖို့ အတွက် နွေဦးတော်လှန်ရေး အောင်ပွဲဆီကို အရောက်လှမ်းကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အရေးတော်ပုံ အောင်ကို အောင်ရမယ်။**




၂၀၂၂ ခုနှစ်ဟာ စစ်အုပ်စုအဖို့ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့နှစ် ဖြစ် တယ်။ လူမျိုးစုံပြည်သူလူထုကြီးအနေနဲ့လည်း အထူးအလေးထားသင့်တဲ့နှစ် ဖြစ်တယ်လို့ ကျနော်ပြောချင်တယ်။

**အာဏာသိမ်းစစ်အုပ်စုရဲ့အနေအထားကို စပြီး တင်ပြပါ့မယ်။**

စစ်အုပ်စုဟာ တစ်ရွာလုံးနဲ့တစ်ယောက် ဖြစ်နေပြီဆိုတာ ရှက်လို့ ဝန်မခံပေမဲ့ သူ အတိအကျ သိနေ ပါပြီ။

ဒီနေ့ဆိုရင် လူမျိုးပေါင်းစုံပြည်သူလူထုကြီး (လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ လက်နက်မကိုင်နိုင်ငံရေး အင်အားစုများအပါအဝင် လူထုလူတန်းစားအလွှာအသီးသီး) ကတစ်ဖက် မင်းအောင်လှိုင်ဦးဆောင်တဲ့ စစ်အုပ်စုကတစ်ဖက်ဆိုတဲ့ ရန်ငါစည်းကြောင်းကြီးက အပြတ်သားဆုံး အရှင်းလင်းဆုံး ဖြစ်လာခဲ့ပါပြီ။ စစ်ကောင်စီနဲ့ သူ့တပ်ဟာ လူထုတစ် ရပ်လုံးရဲ့ ချဉ်ဖတ်၊ လူထုတစ်ရပ်လုံးရဲ့ ရွံရှာမုန်းတီးခြင်းခံရသူ လုံးလုံး ဖြစ်သွားပါပြီ။ သာမန်လူထုမဆိုထားနဲ့၊ စစ်တပ် ထောက်ခံပွဲဆိုတဲ့ လိမ်ဆင်ပွဲတွေ လုပ်ဖို့တောင် လူခေါ်မရ၊ လူစုမရ ဖြစ်လာနေတာကို သူ လက်တွေ့ ရင်ဆိုင်နေရပါပြီ။

**နိုင်ငံတကာအခင်းအကျင်းမှာ ရောက်ရှိနေတဲ့ သူ့အနေအထားကို ကြည့်ကြည့်ပါဦး။**

ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင်နိုင်ငံတကာအဖွဲ့အစည်းကြီးတွေ၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂအပါအဝင် ပါဝါနိုင်ငံကြီးတွေက လူရာမသွင်းတော့တာ၊ သူအသုံးချလို့ ရနိုင်လောက်တယ် ထင်ထားတဲ့ အာဆီယံနိုင်ငံတွေကတောင် သူ့ကို ဆေးဖော်ကြောဖက်မလုပ်ကြတော့တာ၊ နေရာတိုင်းက ဒဏ်ခတ်ဖို့ အရေးယူဖို့တွေချည်း ပြင်ဆင်လာနေကြတာ၊ ရှယ်ဘရွှန်၊ တိုတယ် အပါအဝင် အရေးကြီးတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေ နောက်ဆုတ်ထွက်ခွာသွားကြတာ၊ ICJ ICC အသံတွေ ပိုပြီးကျယ်လောင်လာကြတာ စတဲ့အနေအထားတွေက စစ်အုပ်စုအဖို့ သိက္ခာမဲ့ အရှက်ရစရာတွေ ဖြစ်ပါတယ်။

**ပိုဆိုးတာက သူ့ တပ်တွင်းအခြေအနေ ဖြစ်ပါတယ်။**

၂၀၂၁ ဇွန် ၁ ရက်နေ့ကနေ ၂၀၂၂ ဖေဖော်ဝါရီ ၃ ရက်နေ့အထိ မြို့ပြပြောက်ကျားအပါအဝင် တော်လှန်ရေးတပ်ဖွဲ့ အသီးသီးက စစ်ကောင်စီတပ်သား ၆၀၀၀ ကျော် ၇၀၀၀ နီးပါး ကို ချေမှုန်း








သမိုင်းသည် ရပ်တန့်နေသည်မဟုတ်။ လူမှုဖြစ်ပေါ်တိုးတက်မှု လူတန်းစားတိုက်ပွဲများက သက်သေထူသည်။ လူမှုဖြစ်ပေါ်တိုးတက်မှု အဆင့်ဆင့်သည်ပင် လူတန်းစားတိုက်ပွဲများ၏ သမိုင်းဖြစ်သည်။ လူမှုဖြစ်ပေါ်တိုးတက်မှုသည် မတော်တဆ အဖြစ်အပျက်များက စီစဉ် စုစည်းထားသည် မဟုတ်ဘဲ မောင်းနှင်လှုပ်ရှားနေခြင်းသာ ဖြစ်သည်။ ယနေ့ကာလ ပြည်သူ့တော်လှန်ရေးသည် ယခင်အတိတ်ကာလများ အတွင်း မပြီးပြတ်နိုင်ခဲ့ရသည့် လူတန်းစားတိုက်ပွဲများ၏ သမိုင်းဆက်ထုံးဖြစ်သည်။ သမိုင်းအဖြစ်အပျက်များကို သမိုင်း၏ ရုပ်ပတ်ဝန်း ကျင် အခြေအနေများအတွင်း ပြုလုပ်သော လူ၏လုပ်ဆောင်မှုများကသာ အဆုံးအဖြတ်ပေးပေသည်။ အလုပ်လုပ်သော ပြည်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်အားထုတ်မှုများဖြင့်သာ အာဏာကို သိမ်းပိုက်ရရှိနိုင်သည်။

သမိုင်းကို လူက ပြုလုပ်ပေသည်။ သို့ရာတွင် သူတို့ကြိုက်သလို ပြုလုပ်၍ကား မရ။ အတိတ်ကာလက ပေးအပ်လွှဲအပ်ပေးလိုက်၍ ပေါ်ပေါက်လာရသော ရုပ်ပတ်ဝန်းကျင် အခြေအနေများ အောက်တွင်သာ သမိုင်းကို ပြုလုပ်၍ရပေသည်။ ယင်းပေးအပ်လွှဲအပ်လိုက်သည့် အခြေနေများသည်ပင် မိုးပေါ်က ကျလာခြင်းမဟုတ်၊ အတိတ်က လူများက ပြုလုပ်ဖန်တီးပေးခဲ့ခြင်းဖြစ်၏။ သို့ဆိုလျှင် အတိတ်နှင့် ပစ္စုပ္ပန် သည် တဆက်စပ်တည်းသဘောဖြစ်၍ သမိုင်းသည် ရပ်တန့်မနေဟု ဆိုရခြင်းဖြစ်သည်။

ဗမာပြည်လူ့အဖွဲ့အစည်းရှိ လူမျိုးပေါင်းစုံ ပြည်သူအသီးသီး၏ လိုလားချက်ဆန္ဒဖြစ်သည့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံ သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး တောင်းဆိုလှုပ်ရှားမှုသည်လည်း ထို့နည်းတူပင်ဖြစ်သည်၊ မတော်တဆ အဖြစ် အပျက်များက စီစဉ်စုစည်းထားသည် မဟုတ်ဘဲ သမိုင်းကွင်းဆက် လူမှုဖြစ်ပေါ်တိုးတက်မှုအဆင့်ဆင့်၏ မောင်းနှင်လှုပ်ရှားနေခြင်း သမိုင်း ဆိုင်ရာ လိုအပ်ချက်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံခြင်းသည်ပင်လျှင် တိုင်းပြည်၏ ငြိမ်းချမ်းရေးဖြစ်သည် မဟုတ်သလော။ လူမျိုးပေါင်းစုံပြည်သူအသီးသီး၏ ညီတူစွာ တောင်းဆိုနေကြသော တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးနှင့် ပြည်နယ်ပေါင်းစု ပြည်ထောင်စုတည်ဆောက်ရေး ဆိုသည့် အချက်များ တကယ်စင်စစ် ဖြစ်ပေါ် ဆုပ်ကိုင်နိုင်ဖို့ဆိုလျှင် စစ်အုပ်စု၊ စစ်ကောင်စီ၊ စစ်ဗျူရိုကရက်ယန္တရား လည်ပတ်မှုစနစ်

တည်ဆောက်ရေး အားနည်းမှု .... ယုတ်စွအဆုံး တိတိကျကျနဲ့ တခုတည်းသော Command Center မဖေါ်ထုတ်နိုင်သေးဘဲ နှောင့်နှေးနေရတာမျိုးပါ ပါဝင်နိုင်ပါတယ်။ ပြင်ဆင်တည်ဆောက်တဲ့ အားထုတ်မှုတစုံတရာ မပြည့်စုံမီ Smart & Perfect ဖြစ်နှင့်နေဖို့ မဖြစ်ပါဘူး။ ကျနော့်အမြင်အရ တိုက်ပွဲလက်တွေ့ကပဲ ဒီချို့ငဲ့နေမှုတွေကို ပြန် သင်ကြား၊ ဖြည့်ဆည်းပါလိမ့်မယ်။

ကမ္ဘာမှာ ထင်ရှားခဲ့တဲ့ တော်လှန်ရေးခေါင်းဆောင်တဦးရဲ့ တိုက်ပွဲတွင်း စကားတခွန်း မှတ်သားဖူးတာ အလျဉ်းသင့်လို့ ဖေါ်ပြလိုက်ပါတယ် **"ငါ့လူများ လူထုရဲ့ ဒီအဖျက်လုပ်ရပ်တွေ နောက်မှာ အင်မတန်ကြီးမားတဲ့ တိုင်းပြုပြည်ပြုစိတ် ရှိနေတယ်၊ မြင်အောင်ကြည့်ဖို့ လိုတယ် ..."** တဲ့။ မြန်မာပြည်က ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင် တဦးကလည်း ဖက်ဆစ်တော်လှန်ရေးကာလက သူ့ဒေသမှာ ဓားပြဂိုဏ်းတွေကို စည်းရုံးသိမ်းသွင်းပြီး မျိုးချစ်ပြောက်ကြားတပ်တွေအဖြစ် တိုက်ပွဲဝင်ဖို့ အားထုတ်ခဲ့တာ ရဲဘော်တို့ ကြားဖူးကြမှာပါ။

ဒါ့ကြောင့် ကျနော်တို့ပါတီရဲဘော်များအနေနဲ့ ဒီနေ့ လူမျိုးစုံပြည်သူများ ဆင်နွှဲနေကြတဲ့ ခုခံစစ်ရဲ့ အားနည်းချက်၊ ချို့ငဲ့မှု၊ ရှေ့ ရေရှည်အလားအလာတွေအတွက် ကြောင့်ကြစိုးရိမ်မှုဆိုတဲ့ ကိစ္စတွေမှာ လက်တွေ့ထဲက လက်တွေ့တွေကို မမေ့မလျော့ သတိထား ချဉ်းကပ်ကြဖို့ တင်ပြလိုပါတယ်။ အထက်မှာ ဆိုခဲ့သလို ခုခံစစ်ရဲ့ သဘာဝဟာ ကြိုတင်ပြင်ဆင်၊ တည်ဆောက်ခွင့် မရတတ်တဲ့အချက်၊ ဘုံရန်သူ စစ်အုပ်စုကို ဦးတည်တိုက်ရေး ဆိုတဲ့အချက် ... ဒီ ၂ ချက်ကို အမြဲ လေးနက်ကြဖို့ပါပဲ။

မနေ့တနေ့ကလို သတင်းတွေရဲ့ အမေး–အဖြေကဏ္ဍတခုမှာ 'PDF **တွေရဲ့ အလားအလာကို စိုးရိမ်စရာ'** အဖြစ် ပြောဆိုဆွေးနွေးသွားတာ တွေ့ရ၊ ပရိသတ်က ဝိုင်းဝန်း မေတ္တာပို့၊ ဆဲရေးကြ .... ဆိုတာတွေ တွေ့ရတယ်။ အဲ့ဒါ လက်တွေ့ထဲက လက်တွေ့ပါပဲ။ ကျနော့်အမြင် ဒီအားနည်းချက်ကို လူသိရှင်ကြား ထုတ်ဖော် ပြစ်တင်နေမယ့်အစား အားကောင်းလာအောင် တူတူကြိုးပမ်းကြရမယ် ယူဆပါတယ်။ မီဒီယာပေါ်မှာ ဒီလို ဖော်ထုတ်တာထက် ကိုယ်နဲ့ ထိစပ်မှုရှိရင် ရှိသလို တိုက်ရိုက်ဆက်သွယ်၊ ဆွေးနွေးဝေဖန်တာ ပို ဆီလျော်တဲ့နည်းနာ ဖြစ်မယ်လို့ ယူဆကြောင်းပါခင်ဗျား။

**ကိုစော**







သုတ်သင်နိုင်ခဲ့တယ်။ ( အမေရိကန်ကာကွယ်ရေး ဌာန၊ လုံခြုံရေးဘာသာရပ်ဆိုင်ရာ အာရှပစိဖိတ်ဌာန ပါမောက္ခ မီမီဝင်းဘတ်နဲ့ RFA အင်တာဗျူးမှ) ဒီအရေအတွက်ဟာ စစ်ကောင်စီရဲ့တပ်မ ၇ခု ကျော်စာ ရှိတယ်လို့ ဆိုပါတယ်။ ဒါရဲ့အကျိုးဆက်က စစ်ကောင်စီရဲ့ တပ်ဟာ ယုံကြည်မှုပျက်၊ စိတ်ဓါတ်ပျက်ကုန်ပြီး ရှေ့တန်းထွက်ရမှာ တွန့်ဆုပ် နေကြပြီ ဖြစ်ပါတယ်။ တပ်ပြေးတွေ၊ တပ် CDM တွေ ပိုများလာတယ်။

**စစ်အုပ်စု သွေးပျက်ပြီး ခွေးရူးလိုဖြစ်နေတာ ဒီအခြေအနေတွေကြောင့် ဖြစ်ပါတယ်။**

ဒါကြောင့် တဖက်က ရွေးကောက်ပွဲစကား၊ ငြိမ်းချမ်းရေးအကြိုညှိနှိုင်းပွဲစကားတွေ ဖိပြောနေပြီး နောက်တဖက်က ဒီပွင့်လင်းရာသီအတွင်းမှာ ချေမှုန်းမှုတွေ၊ ဖိနှိပ်မှုတွေ အရှိန်အမြင့်ဆုံးမြှင့်ဖို့ စီစဉ်နေပြီလို့ သိရပါတယ်။

**ဒုတိယအနေနဲ့ လူမျိုးစုံပြည်သူလူထုကြီးရဲ့အနေအထားကို ဆက်တင်ပြပါ့မယ်။**

စစ်အုပ်စုကို တိုက်ပွဲသဏ္ဍာန်အမျိုးမျိုးနဲ့ ခုခံတော်လှန်နေကြတဲ့ ပြည်သူတွေဟာ နေရာအနှံ့မှာ ဖြစ်ပါတယ်။

စစ်အုပ်စုအဖို့ နေရာတိုင်းက ရှေ့တန်းစခန်း၊ နေရာတိုင်းက စစ်မြေပြင် ဖြစ်နေအောင်ကို သဏ္ဍာန်မျိုးစုံနဲ့ တိုက်ပွဲ ဆင်နေကြတာ ဖြစ်ပါတယ်။ အခုဆိုရင် စစ်အုပ်စုဟာ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်နှင့် ကရင်နီပြည်နယ်တွေကို အရေးကြီးတဲ့၊ ချေမှုန်းရန်ခက်တဲ့ ခုခံတော်လှန်စစ်ဒေသတွေအဖြစ် အသိအမှတ်ပြုနေရပြီ ဖြစ်ပါတယ်။

အဲဒီအနေအထားတွေအပြင် ဒီရေမြင့်သစ်တစ်ခုဆီကို တက်လှမ်းဖို့အတွက် အားသာချက်တွေဟာ လူထုဖက်မှာ တနေ့တခြား တိုးပွားလာနေပါတယ်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်နေ့တွေမှာ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) က ကြီး မှူးကျင်းပသွားတဲ့ ပြည်သူ့ညီလာခံရဲ့ ထုတ်ပြန်ချက်ပါသဘောထားတွေနဲ့ အစီအမံတွေ။

၃၁၊၁၊၂၀၂၂ ရက်နေ့မှာ ကျရောက်တဲ့ (၇၃) နှစ်မြောက် ကရင်တော်လှန်ရေးနေ့မှာ ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင်များရဲ့ မိန့်ခွန်းတွေ၊ သဘောထားတွေ၊ သဝဏ်လွှာပေးပို့ကြတဲ့ ညီနောင်မဟာမိတ် ၃ ဖွဲ့ အပါအဝင် မိတ်ဆွေအင်အားစုတွေရဲ့ သဘောထားတွေနဲ့ ရပ်တည်ချက်တွေ။

၁၊၂၊၂၀၂၂ ရက်နေ့က သပိတ်ကော်မတီအသီးသီးရဲ့ တိုက်ပွဲခေါ်သံတွေနဲ့ လူထုကြီးရဲ့ ပါဝင်တိုက်ပွဲဆင်မှုတွေ။

၅၊၂၊၂၀၂၂ ရက်နေ့မှာကျရောက်တဲ့ (၆၁) နှစ်မြောက် ကချင်တော်လှန်ရေးနေ့မှာပြောကြားတဲ့ ကချင်လွတ်မြောက် ရေးအဖွဲ့ (KIO) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လရဲ့ မိန့်ခွန်းပါသဘောထားတွေ၊ ဒီအခမ်းအနားကို သဝဏ်လွှာ ပေးပို့ကြတဲ့ ညီနောင်မဟာမိတ် ၃ ဖွဲ့ အပါအဝင် မိတ်ဆွေအင်အား စုတွေရဲ့ သဘောထားတွေ။

ဒါတွေအားလုံးကို ကြည့်ရင် ကျနော်တို့ လူမျိုးစုံပြည်သူလူထုကြီးဟာ ဘယ်ခေတ်ဘယ်ခါ ထက်မဆို သာလွန်တိုး တက်တဲ့ အဆင့်သစ်တစ်ခုကို တက်လှမ်းလိုက်ကြပြီဆိုတာ အထင်အရှား ဖြစ်ပါတယ်။

**ဒီအခြေအနေတွေရဲ့အလားအလာကို စစ်အုပ်စုက ကောင်းကောင်း သဘောပေါက်ပါတယ်။**

ဒါကြောင့် ဒီအခြေအနေတွေကနေ ရုန်းထွက်ပြီး သူ့အာဏာကို ဆက်ထိန်းထားနိုင်ဖို့အတွက် စစ်အုပ်စုဟာ ၂၀၂၂ ထဲမှာ မိုက်မိုက်ကမ်းကမ်း ရမ်းတော့မှာ ဖြစ်ပါတယ်။ ဒါကို ကျနော်တို့ အလေးထားကြရလိမ့်မယ်။ ဒီအတွက် ကျနော်တို့ အင်အားစုအသီးသီးနဲ့လူမျိုးစုံပြည်သူလူထုကြီးအနေနဲ့ **(၁) သတိပိုကြီးကြရလိမ့်မယ် (၂) ရရှိလာတဲ့အခွင့်အလန်းတွေကို မိမိရရအသုံးချပြီး တိုက်ပွဲအရှိန်ကို အစွမ်းကုန် မြှင့်တင်ကြရပါလိမ့်မယ်။ ။**

**လွန်းနွေငြိမ်း**

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်။**




ရဲဘော်တို့အားလုံး သိပြီးဖြစ်တဲ့အတိုင်း ကျနော်တို့ပါတီဟာ (၁၊ ၂၊ ၂၀၂၁)စစ်အာဏာသိမ်းလိုက်ပြီး နောက်တရက် မှာ စုစည်းနိုင်သမျှ ဗဟိုအလုပ်အမှုဆောင်တွေ စုစည်းပြီး အရေးပေါ် အခြေအနေအတွက် ပါတီကို အဆင်သင့်ဖြစ်နိုင်ရေး ဆွေးနွေးပြင်ဆင်ခဲ့ကြ တယ်။ ၂၀၂၁ တနှစ်ပတ်လုံးမှာ ဖြစ်ပေါ် လာတဲ့ အခြေအနေတွေအလျောက် ဗဟို အလုပ်အမှု ဆောင်ကော်မတီအစည်းအဝေး (တရားဝင် formal နဲ့ အလွတ်သဘော informl) ၁၆ ကြိမ် ခေါ် ယူဆွေးနွေးခဲ့၊ အရေးကြီးတဲ့ ဆုံး ဖြတ်ချက်တွေ ချမှတ်၊ အကောင်အထည် ဖေါ် ခဲ့ကြ တယ်။





၂၀၂၁၊ ဖေဖေါ် ဝါရီ ၄ ရက်က စပြီး ဆက်တိုက်ဆိုသလို ပါတီရဲဘော်များသို့ တိုက်တွန်းနှိုးဆော်ချက်၊ ပြည်သူများထံ ပန်ကြားချက်၊ အာဏာသိမ်းစစ်အုပ်စုနဲ့ သူ့လက်ပါးစေ အဖွဲ့အစည်းအဆင့်ဆင့်ကို မပူးပေါင်းဘူး ဆိုတဲ့ ထုတ်ပြန်ချက်၊ တရားမဲ့ နှိပ်စက်သတ်ဖြတ်မှုတွေကို ဆန့်ကျင်ကန့်ကွက်တဲ့ ထုတ်ပြန်ချက်တွေ စသည်ဖြင့် အခြေအနေ အပြောင်းအလဲတွေအလျောက် ပါတီရဲ့ သဘော ထားတွေ ဖေါ်ပြခဲ့တယ်။ ပါတီဟာ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး အခါအခွင့်ကောင်းကို မိမိရရ ဆုပ်ကိုင်ပြီး လူထုကြီးနဲ့အတူ တိုက်ပွဲပွဲထဲ လိုက်ပါနေချိန်အတွင်းမှာပဲ အခြေအနေသစ်တွေနဲ့အညီ ပါတီအတွက် အရေးပါတဲ့ "လတ်တလောလုပ်ငန်းစဉ်" "အထွေထွေနိုင်ငံရေးသဘောထား" စတာတွေကို ဖြည့်စွက်ပြင်ဆင် ချမှတ်နိုင်ခဲ့တယ်။ တိုက်ပွဲလိုအပ်ချက်နဲ့အညီ ဗဟိုစည်းရုံးရေးကော်မတီကို တိုက်ပွဲဝင်ရဲဘော်တွေ၊ လူငယ် မျိုးဆက်သစ်တွေနဲ့ ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့တယ်။ ဗဟိုစည်းရုံးရေးကော်မတီအစည်းအဝေး ခေါ် ယူကျင်းပပြီး တိုက်ပွဲကာလတလျောက် အရေးကြီးတဲ့ ဆုံးဖြတ်၊ အကောင်အထည် ဖေါ် မှုတွေကို အတည်ပြုနိုင်ခဲ့တယ်။

ဖေဖော်ဝါရီ ၆ ရက်က စပြီး ဒေသအနှံ့အပြားက ရဲဘော်တွေဟာ ပါတီလမ်းညွှန်မှုအတိုင်း မိမိတို့အခြေစိုက်ရာ ဒေသခံလူထုတွေနဲ့အတူ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ၂၀၀၈ ခြေ/ဥ ဖျက်သိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ဖော်ဆောင်ရေး ဆိုတဲ့ နွေဦးတော်လှန်ရေး ဦးတည်ချက်တွေအတိုင်း နည်းသဏ္ဌာန်ပေါင်းစုံတိုက်ပွဲတွေမှာ ပူးပေါင်းပါဝင်ခဲ့တယ်။ စစ်အာဏာသိမ်းလိုက်တဲ့နေ့က စလို့ ဒီနေ့အထိ ပါတီရဲ့ မူ၊ ရပ်တည်ချက်၊ ဆုံးဖြတ်ချက်တွေအတိုင်း တိုက်ပွဲသဏ္ဌာန်ပေါင်းစုံမှာ ဆက်စပ်ပူးပေါင်းပါဝင်ကြတယ်ဆိုတာ ရဲဘော်တဦးချင်းစီတိုင်းအတွက် သွေး၊ အသက်၊ ဘဝတွေနဲ့ရင်းပြီး ပါတီရဲ့နိုင်ငံရေးမှာ ထည့်ဝင်ခဲ့ကြတာဖြစ်ကြောင်း ပါတီက အသိအမှတ်ပြုပါတယ်။ (သက်ဆိုင်ရာ တာဝန်ရှိသူများက မှတ်တမ်းမှတ်ရာနဲ့ ကမ္ပည်းမော်ကွန်း တင်ထားကြပါလိမ့်မယ်။)

ဒီနေ့ကာလမှာတော့ သမိုင်းနဲ့ တိုက်ပွဲရဲ့ ယုတ္တိနည်းကျ ရလဒ်တခုအဖြစ် လူမျိုးစုံပြည်သူလူထုကြီးရဲ့ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး လက်နက်ကိုင်ခုခံစစ်ဟာ တိုင်းပြည်နဲ့အဝှမ်း ပေါ် ထွက်လာခဲ့ပြီ။ တောတောင်တွေနဲ့ ကျေးလက်ဒေသတွေမှာတင်မက မြို့ကြီးပြကြီးတွေမှာပါ တိုက်ပွဲသံတွေ ကျဲရာကနေ ခပ်စိပ်စိပ် ကြားနေကြရပြီ။ ပြည်သူ့ရန်သူ စစ်အုပ်စုဘက်ကလည်း နောက်ဆုံးထွက်သက်ကို သွေးရူးသွေးတန်း ရုန်းကန်တဲ့အနေနဲ့ ကျနော်တို့ပြည်သူလူထုကြီးအပေါ် အကြမ်းကြုတ်ဆုံး တရားအမဲ့ဆုံး ရက်ရက်စက်စက် တုန့်ပြန်ဖိနှိပ်နေပြီဖြစ်တယ်။

ဒီနေရာမှာ ခုခံစစ်တို့သဘာဝ အရာရာတိုင်း ထောင့်စေ့အောင် ပြင်ဆင်တည်ဆောက်ချိန်မရတတ်တာကို ကျနော်တို့အားလုံး သတိကြီးကြီးထားကြဖို့ လိုတယ်၊ အဓိကတိုက်ပွဲဖြစ်တဲ့ ဘုံရန်သူစစ်အုပ်စုကို တည့်တည့် ဦးတည်တိုက်ရေးဆိုတာ အသက်တမျှ အရေးပါကြောင်း နှလုံးသွင်းဖို့လိုတယ်ဆိုတာ လက်တွေ့ထဲက လက်တွေ့အဖြစ် ထောက်ပြလိုတယ်။ ခုခံစစ်ဆင်နွဲသူဆိုတာ မခုခံလို့ မဖြစ်တော့မှ လက်နက်ကိုင်ရတာ ဖြစ်တယ်။ ဘယ်တော်လှန်ရေးမှာမဆို သေနတ် စဖေါက်တာ ဖိနှိပ်သူ ဖြစ်တယ်ဆိုတာ အခုလိုကာလမျိုးမှာ အမြဲသတိချပ်ကြရလိမ့်မယ်။ ဒီနေ့ နွေဦးတော်လှန်ရေးဟာ လက်နက်ကိုင် ခုခံစစ်အဖြစ် တိုးတက်ဖြစ်ထွန်းလာတာဟာ တစုံတဦး၊ တစုတဖွဲ့ရဲ့ ဆန္ဒသဘောထားနဲ့မှ တိုက်ရိုက်မဆိုင်၊ အထက်က ပြောခဲ့သလို ကျနော်တို့သမိုင်း၊ ကျနော်တို့တိုက်ပွဲရဲ့ ယုတ္တိနည်းကျရလဒ်သာ ဖြစ်တယ်။ ဒီတော့ ခုခံသူတို့ဘက်မှာ ပြီးပြည့်စုံတဲ့ ပြင်ဆင်တည်ဆောက်ထားမှု မရှိပါဘူး။ ရုပ်အခြေအနေပေး ချို့ငဲ့မှု တွေ အမှန်ရှိပါတယ်။ ရုပ်အခြေအနေပေး ဆိုတာလည်း လက်နက်ရိက္ခာ မပြည့်စုံတာလောက်ကို ပြောတာမဟုတ်ပါ။ စုစည်းတဲ့ အစီအစဉ်တကျ မဖြစ်မှု၊ အချင်းချင်းကြား နားလည်မှု